# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 30 , 2022 Volume 60, Number 20

၃၀.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၆၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရောဝတီ ဆန်ဈေးစပါးဈေး

အခြေခံစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ၆၃၀၀၀၀ သတ်မှတ်ခဲ့ပြီး နောက် ရောဝတီတိုင်းဒေသကြီးရှိ စပါးဈေးနှုန်းများ လက်ရှိပေါက်ဈေးမှာ ကောက်ချောစပါး တင်း ၁၀၀ လျှင် ကျပ် ၁၆၇၅၀၀ နှင့် ကောက်ကြမ်းစပါးတင်း ၁၀၀ ဈေးနှုန်းများမှာ ရောပဒေသာ – ၁၄၃၀၀၀ ကျပ်၊ နံ့ကားထွန်း– ၁၃၅၀၀၀ ကျပ်၊ လိပ်မလေး– ၁၃၂၀၀၀ ကျပ်၊ သုခအသစ်– ၁၃၄၀၀၀ ကျပ်၊ နံ့ကား– ၁၂၈၀၀၀ ကျပ် အသီးသီးဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းယဉ် တစ်အိတ်လျှင် ၅၅၀၀၀ ကျပ် ၊ မနောသုခ တစ်အိတ်လျှင် ၄၂၀၀၀ ကျပ် အသီးသီးဖြစ်ပါသည်။

ယခင်ရက်များနှင့်နှိုင်းယှဉ်လျှင် ဆန်ဈေးစပါးဈေး အနည်းငယ်ကျဆင်းကြောင်းနှင့် ရန်ကုန်သို့ တင်ပို့ရောင်းချရမှု နည်းသွားခြင်းကြောင့် ဈေးကျဆင်းခြင်းဖြစ်ကြောင်း၊ ရွှေသွယ်မျိုးမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်းမှ စပါးသစ်ပေါ်မည်ဖြစ်ပြီး ထိုကာလမှသာလျှင် အရောင်းအဝယ်ဖြစ်ကြကြောင်း ဆန်ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## မော်လမြိုင်ကုန်စည်ဒိုင် နေ့စဉ်ဈေးနှုန်းပေါက်ဈေး

မော်လမြိုင်မြို့၊ မော်လမြိုင်ကုန်စည်ဒိုင်၏ ၂၀၂၂ နိုဝင်ဘာလ ၂၉ ရက်၊ ဈေးနှုန်းပေါက်ဈေးမှာ ရော်ဘာ RSS–3 မှိုင်းခံပြား တစ်ပေါင် ကျပ် ၁၁၄၀၊ ဒေသထွက် ၁၀၈ ပေါင် ဆန်တစ်အိတ် (အနိမ့်)ဈေးနှုန်း ညော့်မထ ကျပ် ၄၃၀၀၀၊ ပေါ်ကွဲ ကျပ် ၅၁၀၀၀၊ ပေါ်ဆန်း ကျပ် ၅၈၅၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်း ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၅၇၀၀၀၊ ပဲလွန်းဖြူ ကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၉၀၀၀၊ ပဲပုတ် ကျပ် ၅၃၅၀၀၊ စားဖိုဆောင်သုံး သီးနှံတစ်ပိဿာဈေးနှုန်း ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၃၆၀၀၊ နွေကြက်သွန်နီ (ငယ်) ကျပ် ၃၈၀၀၊ (လတ်) ကျပ် ၄၁၀၀၊ (ကြီး) ကျပ် ၄၃၀၀၊ ဂျင်း

ကျပ် ၁၆၀၀၊ ငရုတ်သီးတစ်ပိဿာ ရှမ်းကျွန်း ကျပ် ၁၇၀၀၀၊ မိုးထောင်(အသစ်) ကျပ် ၁၅၀၀၀၊ အာလူးတစ်ပိဿာ ကျပ် ၁၉၅၀၊ သစ်သီးဝလံတွင် ပန်းရောင်ကျွဲကောသီးတစ်လုံး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကျွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ ရေထွက်ကုန် တစ်ပိဿာ ဈေးနှုန်း ငါးဒန် ကျပ် ၃၄၀၀၊ ငါးမြစ်ချင်း ကျပ် ၅၃၀၀၊ တီလားဗီးယား ကျပ် ၈၆၀၀၊ ကကတစ် ကျပ် ၁၄၀၀၀၊ ငါးပုတ်သင်(ငါးဗျက်) ကျပ် ၇၂၀၀၊ ပုဇွန်ပျော့ ကျပ် ၁၃၀၀၀ မှ ၂၀၀၀၀ နှင့် ရေချိုပုဇွန်ထုပ်(စိမ်း) ၂၀၀၀၀ မှ ၅၅၀၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

**Source: ရာမညကုန်သွယ်မှုဗဟိုဌာန**

## ပြည်တွင်းစားအုန်းဆီဈေးနှုန်း ဆက်တိုက်ကျဆင်းလာ၊ တစ်ပိဿာ ၅၀၀၀ ကျပ်ဝန်းကျင်သို့ရောက်ရှိ

ပြည်တွင်းစားအုန်းဆီဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ဈေးနှုန်းကျဆင်းနေပြီး တစ်ပိဿာ ၅၀၀၀ ကျပ် ဝန်းကျင်သို့ ရောက်ရှိလာကြောင်းသိရသည်။ ယခုနှစ် နှစ်လယ်ပိုင်းက တစ်ပိဿာ ၁၀၀၀၀ ကျပ်ဝန်းကျင်အထိ စံချိန်တင်မြင့်တက်ခဲ့သည့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာ တဖြေးဖြေးပြန်လည်ကျဆင်းလာရာမှ ၅၀၀၀ ဝန်းကျင်အထိ ပြန်လည် ကျဆင်းလာခြင်း ဖြစ်သည်။

"ဒီရက်ထဲ တောက်လျှောက်ပြန်ကျလာတယ်လေ။ အစ်မတို့ရောင်းဈေးအနေနဲ့က တစ်ပိဿာကို ၅၅၀၀ ပေါ့နော်။ အနည်းအများပေါ် မူတည်ပြီးလည်း ဈေးနှုန်းကွာဟတာတော့ရှိပါတယ်။ ကျတာတော့ ပြီးခဲ့တဲ့လတွေတည်းက ပြန်ကျလာ တာပေါ့နော်။ အရင်လတွေက ၆၀၀၀ ကျော် ၇၀၀၀ ဝန်းကျင်ပေါ့။ အခုတော့ တော်တော်လေးပြန်ကျပါပြီ" ဟု ရန်ကုန်မြို့မှ စားအုန်းဆီလက်ကားရောင်းချသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်းက မြန်မာနိုင်ငံအပေါ် FATF ၏ဂယက်ကြောင့် စားအုန်းဆီဈေးနှုန်း ၉၅၀၀ ကျပ်အထိ ပြန်တက်ခဲ့သည့်အပြင် အချို့အရောင်းဆိုင်များ အရောင်းအဝယ်မပြုလုပ်ဘဲ ရပ်နားထားရသည့်အထိ ဈေးနှုန်းမငြိမ်သက်မှုများ ပြန်လည်ဖြစ်ပေါ်ခဲ့သေးသည်။

ယင်းကဲ့သို့ ဖြစ်ပေါ်ခဲ့သော်လည်း ရက်ပိုင်းအတွင်း ပြန်လည်တည်ငြိမ်ခဲ့ကာ ဈေးနှုန်းဆက်လက်ကျဆင်းလာခဲ့ခြင်း လည်းဖြစ်သည်။ "အစ်မတို့ဆီမှာက တစ်ခုခုဆို ဈေးတက်ကြတာက ထုံးစံပဲလေ။ ကြားထဲမှာထိန်းနိုင်ရင်တော့ အဆင်ပြေ တာပေါ့နော်။ ပြီးခဲ့တဲ့အခေါက်ကလည်း အဲဒီလိုဖြစ်တာပါ။ သိပ်တော့မကြာလိုက်ပါဘူး။ တဖြေးဖြေးပြန်ကျလာတာပေါ့" ဟု ၎င်းကဆိုသည်။

ပြည်တွင်းစားအုန်းဆီဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားရမည့် အခြေခံရည်ညွှန်းဈေးနှုန်းများကို စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အပတ်စဉ်သတ်မှတ်ပေးနေပြီး ယခုတစ်ပတ်အတွက် အခြေခံရည်ညွှန်းဈေးကို တစ်ပိဿာ ၄၄၂၀ ကျပ် သတ်မှတ်ထားကြောင်းသိရသည်။ ပြည်တွင်း၌ စားအုန်းဆီ ရောင်းချသူများ အနေဖြင့် ဈေးကစားခြင်း၊ မသမာသောနည်းဖြင့် သိုလှောင်ထားခြင်း၊ ဈေးတင်ရောင်းချခြင်းများကို အရေးကြီးကုန်စည် ဥပဒေဖြင့် အရေးယူမည်ဟု စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထား သည်။

**Source:** https://www.popularmyanmar.com/?p=93420

## ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း အာလူးဈေးနှုန်း မြင့်တက်လာနေ




အခုလအတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အာလူးဈေးနှုန်းတွေ ပြန်လည်မြင့်တက် လာနေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလကုန် နိုဝင်ဘာလအစမှာ ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း အောင်ပန်းအာလူးတွေဟာ တစ်ပိဿာကို ၁၄၀၀ ကနေ ၁၇၀၀ ကျပ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လက်ရှိမှာ ဈေးနှုန်းတဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး တစ်ပိဿာကို ၁၈၀၀ ကနေ ၂၁၅၀ ကျပ်အကြား အရောင်းအဝယ် လုပ်နေတယ်လို့ သိရပါတယ်။

ပြည်တွင်းကထွက်ရှိနေတဲ့ ဒေသအာလူးတွေသာမက တရုတ်ဘက်က ဝင်ရောက်လာနေတဲ့ တရုတ်အာလူးဈေးနှုန်းတွေ ကလည်း အနည်းငယ်မြင့်တက်နေပါတယ်။ တရုတ်အာလူးတွေက နိုဝင်ဘာလအစမှာ တစ်ပိဿာကို ၁၇၀၀ ကနေ ၂၀၀၀ ကျပ် အကြားသာရှိခဲ့ပေမယ့် လက်ရှိမှာ ၂၃၀၀ ကျပ်မှာ ရှိနေတယ်လို့သိရပါတယ်။

ပြည်တွင်းအာလူးထွက်ရှိမှုနည်းတဲ့ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလ၊ နိုဝင်ဘာလတွေမှာ တရုတ်အာလူးတွေ ဝင်ရောက်မှုများတာက တောင်သူတွေအပေါ် ထိခိုက်မှုသိပ်မဖြစ်နိုင်ပေမယ့် အာလူးထွက်ရှိမှုများတဲ့ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လ တွေမှာတော့ တရုတ်ဘက်ကအာလူးတွေ ဝင်ရောက်မှုကိုထိန်းညှိဖို့လိုအပ်တယ်လို့ နောင်တရား အာလူးစိုက်တောင်သူ အသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးက အကြံပြုပြောထားပါတယ်။ အာလူးစိုက်တောင်သူတွေအနေနဲ့ ဒီနှစ်မှာ အာလူးဈေးကောင်း

ရရှိတဲ့အတွက်ကြောင့် စိုက်ပျိုးမှုတွေပြန်လည်လုပ်ဆောင်လာကြပေမယ့် ထုတ်လုပ်မှုစရိတ်ကြီးမြင့်နေပြီး ရင်းနှီးမြှုပ်နှံဖို့ ငွေကြေးအခက်အခဲရှိနေဆဲဖြစ်တယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို Bloomberg Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## တောင်သူအကျိုးစီးပွားအတွက် ပြည်တွင်းအာလူးထွက်ရှိချိန်တွင် တရုတ်အာလူးတင်သွင်းခြင်းကို ကန့်သတ်ပေးရန်လိုအပ်နေ

အာလူးစိုက်ပျိုးသည့်တောင်သူများ၏ အကျိုးစီးပွားအတွက် ပြည်တွင်းအာလူး အထွက်နှုန်းများပြားချိန်တွင် တရုတ်အာလူးတင်သွင်းခြင်းကို ကန့်သတ်ပေးရန်လိုအပ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့ အာလူးစိုက်တောင်သူများအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦး၏ ပြောပြချက်အရ သိရသည်။

ပြည်တွင်း၌ အာလူးထွက်ရှိမှုနည်းပါးသည့် ဇွန်လမှ စက်တင်ဘာလအတွင်း၌ ပြည်တွင်းစားသုံးမှု လိုအပ်ချက်အဆင်ပြေစေရန် တရုတ်အာလူးများအား တင်သွင်းသင့်သော်လည်း အထွက်နှုန်းများပြားချိန်တွင် တင်သွင်းမှုကို ကန့်သတ်ပေးရန် တောင်သူများက မျှော်လင့်လျက်ရှိသည်။

ပြည်တွင်းမှာ အာလူးထွက်ရှိချိန်ဆိုရင် တရုတ်အာလူးတွေ တင်သွင်းတာက တောင်သူတွေကို ထိခိုက်စေပါတယ်။ ပြည်တွင်းမှာထွက်ရှိနေတဲ့အချိန်ဆိုရင် တင်သွင်းမှုကန့်သတ်ပေးပြီးတော့ ရှားသွားတဲ့အချိန်မှ တင်သွင်းတာမျိုးဆိုရင် အဆင်ပြေပါတယ်ဟု ၎င်းကပြောသည်။

လတ်တလောတွင် အာလူးအဓိက စိုက်ပျိုးရာဒေသဖြစ်သည့် နောင်တရားမြို့၌ ဩဂုတ်လအတွင်းက တိုးမြှင့်စိုက်ပျိုးခဲ့သည့် စကအာလူးများ ထွက်ရှိချိန်ဖြစ်သည့်အပြင် နယ်စုံမှအာလူးအထွက်များချိန်နှင့် တရုတ်အာလူးဝင်ရောက်မှု များပြားချိန်ဖြစ်သောကြောင့် ဒေသတွင်းအာလူးဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

ဒီလထဲမှာ စကအာလူးတွေပေါ်နေပြီ။ ဈေးနှုန်းရရှိမှုကတော့မဆိုးပါဘူး။ ဒါပေမဲ့ အရင်တစ်ပတ်ကထက် ဈေးကျသွားတယ်။ တရုတ်အာလူးဝင်တာ နည်းနည်းများရင် ဈေးပြန်ကျတယ်။ စကအာလူးက ဇန်နဝါရီလလောက်အထိ ထွက်မယ်။ ဖေဖော်ဝါရီလဆိုရင် မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းဘက်က အာလူးစထွက်ပြီဟု ဦးခွန်ဆန်းဦးက ပြောသည်။

တရုတ်အာလူးများသည် တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်လေ့ရှိပြီး ပြည်တွင်း၌ အာလူးအထွက် များပြားချိန်နှင့် တရုတ်အာလူးဝင်ရောက်မှုများပြားချိန် ကိုက်ညီပါက ဈေးနှုန်းကျဆင်းလေ့ရှိသည်။

လတ်တလောတွင် တရုတ်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းရရှိနေပြီး ဒေသတွင်းအာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၁၈၀၀ အထိသာရရှိနေပြီး ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ဝန်းကျင်အထိ ကျဆင်းလာကြောင်းသိရသည်။

ပြည်တွင်း၌ မိုးအာလူး၊ အစိုဓာတ်လက်ကျန်ဖြင့် စိုက်ပျိုးသည့် ဆောင်းအာလူး၊ ရေအစိုဓာတ်မကျန်ရှိသည့် ဒေသများ၌ ရေသွင်းစိုက်ပျိုးသည့် ရေသွင်းအာလူးများကို စိုက်ပျိုးလေ့ရှိသော်လည်း ယခုနောက်ပိုင်းတွင် မိုးရွာသွန်းမှုနောက်ကျသည့်ဒေသများ၌ မိုးရာသီမကုန်မီနှင့် ဆောင်းရာသီမရောက်ရှိသေးသည့်အချိန်တို့တွင် စကအာလူးများ စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33443

## ရောဝတီဘဏ်လီမိတက်ကို အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်သို့ ပြောင်းလဲရန် တင်ပြထား

ရောဝတီဘဏ်လီမိတက်ကို အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်သို့ ပြောင်းလဲရန် အီလက်ထရွန်နစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) သို့ တင်ပြထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်သွားရင် ကုမ္ပဏီဥပဒေအရ လိုက်နာရမယ့်ဟာတွေတိုးလာသလို အများနှင့်သက်ဆိုင်သောကုမ္ပဏီတွေမှာ သူ့ရဲ့ထူးခြားချက်တော့ ရှိတာပေ့ါနော်။ ထူးခြားချက်က Public ပေ့ါနော်၊ အများပြည်သူကို ရှယ်ယာကမ်းလှမ်းလို့ရတယ်။ Offer လုပ်လို့ရတာပေ့ါ။ ဆိုလိုတာက Private ကုမ္ပဏီမှာတုန်းကကျတော့ အစုရှယ်ယာတွေကို သူတို့ရှယ်ယာဝင်အချင်းချင်းပဲရှယ်ယာ transfer လုပ်၊ ဘာညာ ဒါမျိုးပဲရတယ်။ အများပြည်သူကနေ ဒီအထဲကို စတော့အိတ်ချိန်းလို ဝင်တာမျိုးတွေက လိုတော့လိုသေးတယ်။ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီကကျတော့ အများပြည်သူကို ရှယ်ယာကမ်းလှမ်းလို့မရဘူး၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီကျတော့ အများပြည်သူကို အစုရှယ်ယာတွေ ထည့်ဝင်ဖို့အတွက်တော့ သူတို့ကကမ်းလှမ်းလို့ရပြီ” ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

“အများနှင့်သက်ဆိုင်သောကုမ္ပဏီကတော့ Public ကုမ္ပဏီကိုပြောင်းသွားတဲ့အတွက် ကုမ္ပဏီဥပဒေအရလည်း လိုက်နာဖို့လိုလာပြီ။ ဘာလဲဆိုတော့ Public ကုမ္ပဏီရဲ့ အခွင့်အရေးဖြစ်တဲ့ Public ကို Share offer လုပ်ဖို့အတွက် သူက ကုမ္ပဏီ အလားအလာညွှန်းတမ်းဆိုတာမျိုးတွေ၊ ကုမ္ပဏီရဲ့ရှေ့အကောင်းဆုံးလုပ်မယ့်ရည်ရွယ်ချက်တွေ၊ ကုမ္ပဏီမှာရှိနေတဲ့ မတည်ရင်းနှီးငွေတွေ၊ founder တွေ ၊ ကုမ္ပဏီနောက်လုပ်မယ့် project တွေက ဘယ်လောက်ခိုင်မာတယ်၊ ချောမွေ့တယ်ဆိုတာမျိုးတွေကို အလားအလာညွှန်းတမ်းမှာရေးရတာ။ ရေးပြီးမှ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် SECM မှာ တင်ရမှာ။ တင်ပြီးတော့မှ DICA က သူတို့ရဲ့ဥပဒေတွေ နည်းဥပဒေတွေအရ ရက် ၆၀ အတွင်းမှာ သူတို့တင်လာတာကို အတည်ပြုပေးမှာ။ အတည်ပြုပြီးတော့မှ offer ကို ကုမ္ပဏီဥပဒေအရ မှတ်ပုံတင်အရာရှိထံကို သူတို့ကတင်ပြရမှာ။ အဲလိုတင်ပြပြီးမှ အပြင်ကို ရှယ်ယာ offer လုပ်လို့ရပြီ။ အဲတော့ public ကုမ္ပဏီက အများပြည်သူကို ရှယ်ယာ offer လုပ်လို့ရတယ်။ အဲတော့မှ အများပြည်သူက ငွေတွေထည့်ဝင်လာမှာပေ့ါနော်။ အဲဒါမှ သူတို့လုပ်ချင်တဲ့ စီးပွားရေးလုပ်ငန်းချဲ့ထွင်တာမျိုးလုပ်လို့ရမှာပေ့ါနော်။ ဒါကအားသာချက်။ ဒါပေမဲ့ အားသာချက်အပေါ်မှာ ကုမ္ပဏီအနေနဲ့ကျတော့ ဘာတွေလိုက်နာရမလဲဆိုတော့ ခုနက ရှယ်ယာ offer လုပ်ထားတဲ့ ပိုက်ဆံ၊ ငွေတွေကို သူတို့လုပ်မယ်ဆိုတဲ့ Project တွေမှာ ဆောင်ရွက်ရမယ်။ တကယ်လို့မဆောင်ရွက်နိုင်ရင် ခုနက ပိုက်ဆံထည့်ဝင်ထားတဲ့ ရှယ်ယာရှင်တွေကို ငွေပြန်အမ်းတာ၊ ပြန်မအမ်းရင် ဥပဒေနဲ့အညီ အတိုးပေး ရတာမျိုးတို့ ဒါမျိုးတွေ ကုမ္ပဏီဥပဒေမှာ အများကြီးရှိတယ်” ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရောဝတီဘဏ်လီမိတက်အနေဖြင့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီအဖြစ်မှ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ်သို့ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကုမ္ပဏီများဆိုင်ရာ မှတ်ပုံတင်အရာရှိထံ တင်ပြပြီးဖြစ်ကြောင်း သိရသည်။ “ရောဝတီဘဏ်က ပြောင်းဖို့ဆိုပြီး တင်တာထားထက် သတင်းစာမှာလည်း ကြော်ငြာပြီးပြီ။ MyCO မှာလည်း တင်ထားပြီ။ ဒါပေမဲ့ လောလောဆယ်တော့ Public မဖြစ်သေးဘူး” ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/241093

## ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသော အခွံပါမြေပဲစေ့



https://www.commerce.gov.mm

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိရာတွင် လယ်ယာထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် အခွံပါမြေပဲစေ့အား ပြည်ပပို့ကုန်အဖြစ် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(Mini Budget) (၆) လတာကာလအတွင်း အခွံပါမြေပဲစေ့ တင်ပို့မှုတန်ချိန် (၈)တန်၊ တန်ဖိုး (၀.၀၀၇) ဒေါ်လာသန်းတင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာ လအထိ) (၆) လတာကာလအတွင်း အခွံပါမြေပဲစေ့ တင်ပို့မှုတန်ချိန် (၅) တန်၊ တန်ဖိုး (၀.၀၀၄) ဒေါ်လာသန်းသာ တင်ပို့နိုင်ခဲ့ပါသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ကာလထက် (၀.၀၀၃) ဒေါ်လာသန်း

တင်ပို့မှုလျော့နည်းခဲ့ပါသည်။ Mini Budget ကာလထက် တင်ပို့မှုအနည်းငယ်လျော့နည်းခဲ့သော်လည်း အခွံပါမြေပဲစေ့များအား တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် အမြဲတမ်းဝယ်လိုအားရှိသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်ကြောင်းသိရသည်။

**Source:**https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%98%E1%80%84%E1%80%B9%E1%80%82%E1%80%9C%E1%80%AC%E1%80%B8%E1%80%92%E1

## တရုတ်နိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ဘိန်းအစားထိုးသီးနှံ မြန်မာ့ရော်ဘာတင်ပို့မှု တစ်နှစ်တစ်ကြိမ်ရရှိ

တရုတ်နိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ဘိန်းအစားထိုးသီးနှံ မြန်မာ့ရော်ဘာတင်ပို့မှုအား တစ်နှစ်လျှင်တစ်ကြိမ်ရရှိလေ့ရှိကာ လာမည့်လအတွင်း စတင်တင်ပို့နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအတွင်းရေးမှူး ဦးခိုင်မြင့်၏ ပြောပြချက်အရ သိရသည်။

ထိုသို့ တင်ပို့ခွင့်ရရှိရာတွင် တစ်နှစ်လျှင် တန်ချိန် တစ်သောင်းမှသုံးသောင်းအတွင်း တင်ပို့ရလေ့ရှိသည်။ ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် တရားဝင်တင်ပို့လေ့ရှိပြီး ဘိန်းအစားထိုးတင်ပို့ရမည့် ပမာဏမှာ အခွန်ကင်းလွတ်ခွင့်ရှိသော်လည်း ကျန်အချိန်များတွင် ၂၇ ရာခိုင်နှုန်း အခွန်ပေးရလေ့ရှိကာ လက်ရှိတွင် အနည်းငယ်သာ တင်ပို့နေကြောင်းသိရသည်။

ထို့ပြင် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရော်ဘာတင်ပို့ရာတွင် ယခင်ကဒေါ်လာဖြင့်သာ အသုံးပြုတင်ပို့ခဲ့ရသော်လည်း ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ယွမ်ဖြင့်အသုံးပြုတင်ပို့ခွင့်ပြုထားကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပြည်ပသို့ ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော်တင်ပို့ခဲ့ပြီး တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းမှ စုစုပေါင်း ရော်ဘာတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိပြီး မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့သို့လည်း တင်ပို့မှုများရှိနေကြောင်း၊ ရော်ဘာကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33457

## STOCK EXCHANGE (30.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 9,000 | 2,029 | 18,261,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 4,041 | 13,346,850 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 88 | 1,716,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 493 | 1,306,450 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 241 | 638,650 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 660 | 3,234,000 | 10,497,598 | 51,438 |

## Market summary

As of 30th Nov. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.42 | -3.60 | -0.90% | 400.12 | 400.12 | 398.42 | 7,552 | 38,502,950 | 7 | 693,106 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 30th Nov. 2022

| MYANPIX | 398.42 ▼ 3.60 |
|---|---|
| Total Volume (shares) | 7,552 |
| Total Value (MMK) | 39 mil |
| Listed Company | 7 |
| Market Cap. (MMK) | 693,106 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |